# တိုင်းရင်းသားဘဝသရုပ်ဖော်ဝတ္ထုများ
# (၁၉၇၅–၂၀၀၀)

ပါရဂူ (Ph.D) ဘွဲ့အတွက်တင်သွင်းသောကျမ်း


မချယ်ရီအောင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်


၂၀၀၈ခုနှစ်၊ ဇန္နဝါရီလ

# ကျမ်းအကျဉ်းချုပ်

“တိုင်းရင်းသား ဘဝသရုပ်ဖော်ဝတ္ထုများ” ကျမ်းသည် (၁၉၇၅–၂၀၀၀)ခုနှစ်အတွင်း ပေါ်ထွက်ခဲ့သည့် တိုင်းရင်းသားဘဝသရုပ်ဖော်ဝတ္ထုရှည်များကို လေ့လာဆန်းစစ်ထားသော ကျမ်းတစ်စောင် ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် အခန်း(၄)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ တိုင်းရင်းသားဘဝသရုပ်ဖော်ဝတ္ထုတို့၏ သဘောသဘာဝများကို တိုင်းရင်းသားဘဝသရုပ်ဖော်ဝတ္ထု စာမိတ်ဆက်များနှင့်အတူ တင်ပြထားပါသည်။ ဝတ္ထုရှည်သဘောတရားများကို လေ့လာထားသော အခန်းဖြစ်သည်။ ဤကျမ်း၌ လေ့လာထားသည့် ဝတ္ထုရေးဆရာများ ဖြစ်သော ညိုဝင်း၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)၊ မြသန္တာ၊ နာဂတင်ဦး၊ အဏ္ဏဝါစိုးမိုး၊ ဂေါင်မလိုင်း၊ လယ်တွင်းသားစောချစ်တို့၏ ဘဝနှင့်စာပေအကျဉ်းကို ဖော်ပြထားသည်။ ထိုစာရေးဆရာများ၏ ဝတ္ထုရှည်တစ်အုပ်စီကို ရည်ရွယ်ချက်၊ ဇာတ်လမ်းအကျဉ်း၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ အရေးအဖွဲ့တို့ဖြင့် လေ့လာတင်ပြထားပြီးနောက် ခြုံငုံသုံးသပ်ချက်နှင့် နိဂုံးတို့ ပါဝင်ပါသည်။ စာရေးဆရာတို့သည် ခေတ်နှင့်လျော်ညီသော ဝတ္ထုများကို ရေးဖွဲ့ကြရာတွင် တိုင်းရင်းသားဘဝ သရုပ်ဖော်ဝတ္ထုများလည်း ပါဝင်ခဲ့ပေသည်။ တိုင်းရင်းသားတို့၏ ဘဝအခြေအနေ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ စိတ်နေသဘောထားတို့ကို စိတ်ကောင်းစေတနာကောင်းတို့ဖြင့် ရေးဖွဲ့သရုပ်ဖော်ထားသည်။ မိမိတို့ တွေ့ကြုံဖြတ်သန်းခဲ့ရသည်တို့ကို တွေ့မြင်ခံစားပြီး စာဖတ်သူတို့၏ နှလုံးအိမ်တွင် စွဲကျန်ရစ်စေမည့်ဝတ္ထုများကို ဖန်တီးခဲ့ကြသည်ကို တွေ့မြင်ရသည်။ ဤကျမ်းတွင်ပါဝင်သော တိုင်းရင်းသား ဘဝသရုပ်ဖော်ဝတ္ထုများသည် တိုင်းရင်းသားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်း ပေးစွမ်းနိုင်သည်။